
**(၄) အမဲပုပ်ရောဂါ (Black rot)**

**ရောဂါဖြစ်စေသက်ရှိ -** *Guignardia bidwellii* (Ellis) Viala & Ravaz (*Phoma uvicola* Berk. & M.A.

Curtis)

**ရောဂါလက္ခဏာ**

အရွက်ပေါ်တွင် သေးငယ်သော၊ အညိုရင့်ရောင်အနားရစ်ပါသည့် သံချေးရောင် အဝိုင်းပုံ အကွက်လေးများဖြစ်ပေါ်သည်။ ရောဂါကွက်များအလယ်တွင် အမဲရောင်မှို အလုံး လေး များ ပျံ့ကြဲနေသည် ကိုတွေ့ရသည်။ သီးခိုင်ပေါ်တွင်ကျရောက်ပါက အသီးများ ပေါ်တွင် အညိုရောင်အကွက်များဖြစ်ပေါ်သည်။ ရောဂါကျပြီးရက်အနည်းငယ်အတွင်း အသီးများသည် တွန့်ရှုံ့ပြီး အမဲရောင်ပြောင်းကာ မာသွားသည်။





ကာကွယ်နှိမ်နင်းနည်းများ

- ခံနိုင်ရည်ရှိသောမျိုးကိုစိုက်ပျိုးပါ။
- ကိုင်းများအရွက်များကိုလေဝင်လေထွက်ကောင်းအောင် ဆောင်ရွက်ပါ။
- ရောဂါကျအသီးများ အရွက်များ အပင်အစိတ်အပိုင်းများ ဖယ်ရှားဖျက်ဆီးပါ။

- ရောဂါကွက်စတင်တွေ့ရှိပါက ၊ Captan (ကက်ပ်တန်)၊ Azoxystrobin (အဇိုဆီစထရိုဘင်)၊ Difenoconazole (ဒီဖီနိုကိုနာဇိုး)၊ Hexaconazole (ဟက်ဇာကိုနာဇိုး) စသောမှိုသတ်ဆေးများအသုံး ပြုနိုင်သည်။